“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် [၄] ချက်”

၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွဲနှဲ့လှူတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၃၀/၂၀၂၄)

အမှတ်စဉ် (၃၀/၂၀၂၄) http://www.nugmyanmar.org ၂၀၂၄ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်။

ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က ကောလင်းခရိုင်တပ်ရင်း အမှတ် ၂ သို့ သွားရောက်ခဲ့စဉ်

အမျိုးသားညီညွတ်ရေးအစိုးရ

တိုင်းရင်းသားဒေသများ၏ အမျိုးသား လွတ်မြောက်ရေး လှုပ်ရှားမှု အားလုံးသည် စစ်အာဏာရှင်စနစ် ပြိုလဲခြင်း၏ သင်္ကေတ တစ်ခုဖြစ်ဟု NUG ယာယီသမ္မတပြောကြား

တိုင်းရင်းသားဒေသများ၏ အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှု အားလုံးသည် စစ်အာဏာရှင်စနစ် ပြိုလဲခြင်း၏ သင်္ကေတတစ်ခု ဖြစ်ကြောင်း၊ ယင်းအခြေအနေကို ဆက်လက်၍ ခိုင်မာ ကျယ်ပြန့် အောင် လုပ်နိုင်ခြင်းသည် နွေဦးတော်လှန်ရေး၏ ခုခံတော်လှန်စစ်ကို အရှိန်မြှင့်နိုင်ခြင်းပင်ဖြစ်သည်ကို သဘောပေါက်ရန် လိုအပ်ပြီး ခုခံတော်လှန်စစ် အခြေအနေ အရပ်ရပ်ကို အစဉ်တစိုက် လေ့လာ သုံးသပ်ကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဇူလိုင် ၁၆ ရက် အစိုးရအဖွဲ့အစည်းဝေးတွင် ပြောကြားခဲ့သည်။

"စစ်အာဏာရှင်စနစ် အမြစ်ဖြုတ် ချေမှုန်းရေးကို လုပ်ဆောင်ရင်းနဲ့ တိုင်းရင်းသား လွတ်မြောက်ရေး တိုက်ပွဲတွေ အောင်ပွဲခံလာနိုင်တာကို တွေ့ရပါတယ်။ ဒါ့အပြင် တိုင်းရင်းသားဒေသတွေရဲ့ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအားလုံးဟာ စစ်အာဏာရှင်စနစ် ပြိုလဲခြင်းရဲ့ သင်္ကေတ တစ်ခု ဖြစ်တာတွေ့ ရပါတယ်။ ဒါဟာ အပြန်အလှန် သက်ရောက်မှု ရှိနေတာ ဖြစ်တာကြောင့် ကျွန်တော်တို့ဟာ နွေဦးတော် လှန်ရေးနဲ့ တိုင်းရင်းသားလွတ်မြောက်ရေးလှုပ်ရှားမှုတွေကို တိုက်ရိုက်ချက်ကြိုး ဆက်နိုင်ပြီလို့ မှတ်ယူ ရမှာ ဖြစ်ပါတယ်" ဟု ယာယီသမ္မတကပြောကြားခဲ့သည်။

ထို့ပြင် လူမျိုးရေး အသွင်ဆောင်သည့် ပဋိပက္ခ ထောင်ချောက်များကိုလည်း ရှောင်ရှားနိုင်ရန် သတိရှိရ မည် ဖြစ်ကြောင်း၊ တိုင်းရင်းသား ပြည်သူလူထု အချင်းချင်းကြား သဟဇာတဖြစ်မှု ကြီးမားလာအောင် လုပ်ရန်ပြီး လက်နက်ကိုင် တော်လှန်ရေး အင်အားစုအချင်းချင်း စုစည်းညီညွတ်နိုင်အောင်လည်း အစဉ်တစိုက် ကြိုးစားအားထုတ်ကြရန် ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

https://go.nugmyanmar.org/a10d2093

a10d2093
Powered by Go.NUG

မင်းအောင်လှိုင်နှင့် အပေါင်းအပါများအား တရားဥပဒေရှေ့မှောက်တွင် ကောင်းစွာ အပြစ်ဒဏ်ခံရစေရေး ပြည်သူတစ်ရပ်လုံးနှင့်အတူ ကြိုးစားသွားမည်ဟု NUG ပြည်ထောင်စုဝန်ကြီးချုပ် သိန္နိဋ္ဌာန်ပြု

အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် အပေါင်းအပါများအား တရားဥပဒေ ရှေ့မှောက်တွင် ကောင်းစွာ အပြစ်ဒဏ် ခံရစေရေး ပြည်သူတစ်ရပ်လုံးနှင့်အတူ ပိုမိုကြိုးစားသွားမည်ဟု အမျိုးသားညီ ညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင် ၁၉ ရက် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် သိန္နိဋ္ဌာန် ပြုပြောကြားခဲ့သည်။

"တော်လှန်ရေးခရီးဟာလည်း ပန်းတိုင်ရောက်ဖို့ နီးသထက် နီးလာနေပါပြီ။ ဒီကနေ့ (၇၇) နှစ်မြောက် အာဇာနည် နေ့မှာတော့ တိုင်းပြည်ရဲ့ ရန်သူဖြစ်တဲ့ မင်းအောင်လှိုင်နဲ့ အပေါင်းအပါတွေကို တရားဥပဒေရှေ့ မှောက်တွင် ကောင်းစွာ အပြစ်ဒဏ် ခံရစေဖို့ ပြည်သူတစ်ရပ်လုံးနဲ့အတူ ဆထက်တပိုး ကြိုးစားသွားမယ်လို့ ထပ်မံ သိန္နိဋ္ဌာန် ပြုပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ယခုနွေဦးတော်လှန်ရေးကာလတွင် အာဇာနည်စိတ်ဓါတ်အပြည့်ဖြင့် စွန့်လွှတ်အနစ်နာခံ တော်လှန် တိုက်ပွဲဝင်နေကြသည့် မျိုးဆက်သစ် လူငယ်များစွာ၏ ပကတိမြေပြင် အခြေအနေများကို မျက်ဝါးထင်ထင် မြင်တွေ့နေရသည့်အတွက် များစွာ လေးစားအသိအမှတ်ပြုကြောင်း နွေဦးတော်လှန်ရေး ကာလတလျှောက် တိုင်းပြည်တာဝန်များကို မိမိတို့ အသိစိတ်ဖြင့် ကျေပွန်စွာ ထမ်းဆောင်ရင်း ကျဆုံးခဲ့ရသည့် အာဇာနည် သူရဲကောင်းအပေါင်းကို အလေးပြုကြောင်း ပြည်ထောင်စုဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

https://go.nugmyanmar.org/7f436724

7f436724
Powered by Go.NUG

အခွန်အကောက်များကို တော်လှန်ရေး အဓိက လိုအပ်ချက်များအတွက် ထိထိမိမိ ဖြည့်ဆည်းကြရန် NUG ပြည်ထောင်စုဝန်ကြီးချုပ် တိုက်တွန်းပြောကြား

လက်ရှိ ကောက်ခံနေကြသည့် အခွန်အကောက်များကို တော်လှန်ရေးအတွက် အဓိက လိုအပ်ချက်များအတွက် ထိထိမိမိ ဖြည့်ဆည်းကြရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင်လ ၁၈ ရက် ကြားကာလ ဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီ အစည်းအဝေးတွင် တိုက်တွန်းပြောကြားခဲ့သည်။

အချင်းချင်း အကြားတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရေးနှင့် အခွန်ကောက်ခံမှုများတွင် တစ်စုတစ်ဖွဲ့၊ တစ်ဦးတစ်ယောက်၏ အကျိုးဖြစ်ထွန်းစေမှုကို ဦးတည်ခြင်းမျိုး မလုပ်ကြဘဲ အဓိကသုံးစွဲရမည့် ကဏ္ဍများတွင် ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေးနှင့် မျှဝေသုံးစွဲနိုင်ရေး လုပ်ဆောင်ကြရန် ပြည်ထောင်စုဝန်ကြီးချုပ်က ဆက်လက်တိုက်တွန်း ပြောကြားခဲ့သည်။

https://go.nugmyanmar.org/b72b0928

b72b0928 Powered by Go.NUG

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန

စစ်ကိုင်းတိုင်းတွင် အသက် ၁၇ နှစ်အရွယ် လူငယ်တစ်ဦး အသတ်ခံရမှုအပေါ် အမှုမှန် ပေါ်ပေါက်ရေး ဆောင်ရွက်နေဟု NUG ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

သတင်းထုတ်ပြန်ချက် (၂/၂၀၂၄)
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့သည် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ၊ (၁၃) ရက်၊ နေ့လည် ၁ နာရီတွင် ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာတွင် နေထိုင်သော မောင်မြင့်မြတ်ဦး (အသက် ၁၇ နှစ်) (အဘ - ဦးကျော်မင်းစိုး) အသတ်ခံရမှုနှင့် စပ်လျဉ်း၍ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့် တွေ့ဆုံစည်းဝေးခဲ့ပါသည်။

၂။ ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဝက်လက်မြို့နယ်၊ ပြည်သူ့ ရဲတပ်ဖွဲ့တွင် (ပ)၁၂/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက် ထားသည့်အကြောင်း၊ တရားလိုစစ်ဆေးခြင်းများ၊ သက်သေစစ်ဆေးခြင်းများ၊ အခင်းဖြစ်ရပ် စစ်ဆေးခြင်းများကို ပြည်သူ့ရဲတပ်ဖွဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုမှန် ပေါ်ပေါက်ရေး အတွက် ဆောင်ရွက်ထားသည့် အခြေအနေများ၊ ကာကွယ်ရေးဝန်ကြီးဌာနက တိုင်းတာဝန်ရှိ သူများနှင့် ခရိုင်၊ နယ်မြေခံ တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းပြီး အမှုမှန်ပေါ်ပေါက်ရေး အတွက် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများ နှင့် ပညာရေး ဝန်ကြီးဌာနက သေဆုံးသူမိသားစုထံ ကူညီထောက်ပံ့ထားမှု၊ မြို့နယ်ပညာရေးဘုတ်အဖွဲ့၏ စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

၃။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က မြေပြင်တွင် သိရှိထားရသည့် သတင်းအချက် အလက်များကို မျှဝေခြင်း၊ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်း နှင့် အမှုမှန်ပေါ်ပေါက်ရေးအတွက် လိုအပ်သည့် ပူးပေါင်းမှုများကို ပြုလုပ်သွားမည့် အခြေအနေ များကို ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးကျေးရွာနေ အသက် ၁၇ နှစ်အရွယ် မောင်မြင့်မြတ်ဦး၊ စိုင်နိုင်ကြီးကျေးရွာ၊ သင်္ချိုင်းအနီး၌ အသက်ခံရမှု ဖြစ်စဉ်တွင် အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်နေကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနက ဇူလိုင်လ ၁၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

မောင်မြင့်မြတ်ဦးသည် လည်ပင်းပြတ်ရှဒဏ်ရာ၊ ဝဲနဖူး ပြတ်ရှဒဏ်ရာ၊ ညာဘက်ဂျိုစောင်းပြတ်ရှဒဏ်ရာ၊ ညာဘက်လက်မောင်း ထိုးသွင်းပေါက်ထွက် ဒဏ်ရာများဖြင့် သေဆုံးရာ ဖခင်ဖြစ်သူက ဝက်လက်မြို့နယ်၊ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းကို တရားလို ပြုလုပ် တိုင်တန်းခဲ့ရာ ပြည်သူ့ရဲတပ်ဖွဲ့က (ပ)၁၂/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ထားပြီး၊ ပြည်သူ့ရဲတပ်ဖွဲ့ လုပ်ထုံး လုပ်နည်းများနှင့်အညီ အမှုမှန်ပေါ်ပေါက် ရေးအတွက် ဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/71c86b18

71c86b18 Powered by Go.NUG

အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန

နွေဦးတော်လှန်ရေး ကာလအတွင်း သေဆုံးသူ အမျိုးသမီးဦးရေ ၇၃၀၀ ကျော် အထိရှိလာပြီဟု NUG ထုတ်ပြန်



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ကောက်ယူထားသည့် စာရင်းများအရ နွေဦးတော်လှန်ရေးကာလအတွင်း သေဆုံးသူ အမျိုးသမီးဦးရေ ၇၃၀၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနက ဇူလိုင် ၁၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

နှစ်အလိုက် အမျိုးသမီး သေဆုံးမှုမှာ ၂၀၂၁ ခုနှစ်တွင် ၁၀၆ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၃၁၄ ဦးနှင့် ၂၀၂၃ ခုနှစ်တွင် ၅၉၉ ဦး၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ ဇွန် ၃၀ ရက်အထိ အမျိုးသမီး ၆၃၀၃ ဦးဖြစ်ပြီး နှစ်အလိုက် စာရင်းတွင် ၆ လနှင့် သေဆုံးမှု အများဆုံး ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း သေဆုံးမှုမှာ ဇန်နဝါရီအတွင်း အများဆုံးဖြစ်ပြီး မတ်လအတွင်း သေဆုံးမှုက ဒုတိယ၊ မေလအတွင်း သေဆုံးမှုက တတိယနှင့် ဇွန်လအတွင်း သေဆုံးမှုက စတုတ္ထနေရာတွင် ရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အမျိုးသမီးသေဆုံးမှု အများဆုံးမှာ စစ်ကိုင်းတိုင်းဖြစ်ပြီး ဒုတိယအများဆုံးမှာ မကွေးတိုင်းနှင့် တတိယအများဆုံးက ရှမ်းပြည်နယ်ဖြစ်ကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/386d36d6

386d36d6
Powered by Go.NUG

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာန

နိုင်ငံအနှံ့စစ်ရေးအရှိန်မြင့်ပြီး မြို့ပြစစ်ပွဲများ ဖော်ဆောင်နေခြင်းကြောင့် ထိခိုက်မှု လျော့ပါးသက်သာစေရေး ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရမည်များကို NUG ထုတ်ပြန်



နိုင်ငံအနှံ့ စစ်ရေးအရှိန် မြင့်မှုများနှင့် မြို့ပြစစ်ပွဲများ ဖော်ဆောင်နေခြင်းကြောင့် ထိခိုက်မှုလျော့ပါး သက်သာစေရေး ကြိုတင်ပြင်ဆင်မှု ပြုလုပ်ရမည်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ လူသားချင်း စာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ဗုံးခိုကျင်းနှင့် ကတုတ်ကျင်းများ တူးဖော်ဖို့ ခက်ခဲသည့် မြို့ပေါ်ရပ်ကွက်များတွင် နေထိုင်ကြသူများ၊ အထပ်မြင့်အဆောက်အအုံများတွင် နေထိုင်ကြသူများ အနေဖြင့် မိမိတို့ နေအိမ်ဝန်းခြံများအတွင်း အရေးပေါ်ခိုလှုံရာ နေရာများ စီမံဆောင်ရွက်ထားရေးနှင့် မိမိတို့ ပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် ပစ္စည်းများကိုသုံး၍ နေအိမ်ဝန်းခြံများအတွင်း နည်းစနစ်တကျ အရေးပေါ် ခိုလှုံရာနေရာများ ဖန်တီးထားနိုင်ကြရန် တိုက်တွန်းထားသည်။ https://go.nugmyanmar.org/c776320c

c776320c
Powered by Go.NUG

အလုပ်သမားဝန်ကြီးဌာန

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း NUG ထုတ်ပြန်

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ အလုပ်သမားဝန်ကြီးဌာနက ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အခြေခံအလုပ်သမား အခွင့်အရေးနှင့် လူ့အခွင့်အရေးကို အလေးထားသော ထိုင်းနိုင်ငံ အစိုးရ၊ လွှတ်တော်၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ထိုင်းပြည်သူများ အနေဖြင့် လွတ်လပ်၍ တရားမျှတမှုရှိသည့် ထိုင်းနိုင်ငံအတွင်း မြန်မာ အကြမ်းဖက် စစ်ကောင်စီ၏ အခြေခံအခွင့်အရေးများ ချိုးဖောက်၍ မြန်မာပြည်သူလူထုအပေါ် ဖိနှိပ်နေမှုများကို ခွင့်မပြုစေလိုကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ အလုပ်သမား ဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ဖော်ပြထားသည်။

ထိုင်းအစိုးရအနေဖြင့် အထောက်အထားမရှိသေးသည့် မြန်မာရွှေ့ပြောင်း အလုပ် သမားများအား Non Thai Identification Card (ပန်းရောင်ကတ်) ထုတ်ပေးခြင်း အစီအစဉ်များကို အမြန်ဆုံးစတင်ပေးရန်၊ Non Thai Identification Card (ပန်းရောင်ကတ်)၊ Work Permit စသည့် အထောက်အထားများ ကိုင်ဆောင်ထားသည့် မြန်မာနိုင်ငံသားများအား ထိုင်းနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာ၊ နေထိုင်၊ အလုပ်လုပ်ကိုင်ခွင့်ပြုရန်၊ ထိုင်းနိုင်ငံတွင်း မြန်မာအကြမ်းဖက်စစ်ကောင်စီ၏ CI ထုတ်ပေးခြင်း လုပ်ငန်းစဉ်များကို ရပ်သိမ်းပေးရန်/ ခွင့်မပြုရန်နှင့် ထိုင်းအစိုးရအနေဖြင့်လည်း CI မဖြစ်မနေ လုပ်ရမည် ဟူသည့် မူဝါဒအား ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုကြောင်း ဖော်ပြထားသည်။

ထို့ပြင် နှစ်နိုင်ငံ သဘောတူထားသည့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ လစာဝင်ငွေမှ အခွန် (၂) ထပ် မကောက်ခံရေး သဘောတူညီချက်ကို ဖောက်ဖျက်ကာ မြန်မာရွှေ့ပြောင်း အလုပ်သမားများထံမှ အဓမ္မ အခွန်ကောက်ခံနေမှုနှင့် လုပ်သားများ၏ လစာဝင်ငွေမှ ၂၅ ရာခိုင်နှုန်းကို ၎င်းတို့ သတ်မှတ်ထားသည့် ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများမှတဆင့် မဖြစ်မနေ လွှဲပို့ရန် ဖိအားပေး အကျပ်ကိုင်မှုစသည့် အကြမ်းဖက် စစ်ကောင်စီ၏ လုပ်ရပ်များကို ထိရောက်စွာ တားမြစ်ပေးရန်နှင့် သက်တမ်းကုန် Passport စာအုပ်များ ကိုင်ဆောင်ထားသည့် ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်း အလုပ်သမားများအား လူသားချင်း စာနာထောက်ထားသည့် အနေဖြင့် အလုပ်လုပ်ကိုင်ခွင့် (Work Permit) နှင့် နေထိုင်ခွင့် (Visa) များ သက်တမ်းတိုးပေးပြီး ကာလသတ်မှတ်ချက်တစ်ခုအထိ ဆက်လက်နေထိုင် အလုပ်လုပ်ကိုင်ခွင့်ပြုရန် စသည့် အချက်များကို တောင်းဆိုကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/ed503e49

ed503e49
Powered by Go.NUG

ကာကွယ်ရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီး ဦးရည်မွန်က ကောလင်းခရိုင်တပ်ရင်း အမှတ် ၂ သို့ သွားရောက်ခဲ့

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးရည်မွန်က ပြည်သူ့ ကာကွယ်ရေးတပ်မတော် ကောလင်းခရိုင် သို့ လွန်ခဲ့သည့် ၂ လ ကျော်က လာရောက်ခဲ့ကြောင်း ကောလင်းခရိုင် တပ်ရင်း (၂) က ဇူလိုင်လ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ရှေ့တန်းစစ်မြေပြင်ရှိ ရဲဘော်များကို တွေ့ဆုံအားပေးကာ လိုအပ်သည့် ညွှန်ကြားချက်များ ပြုလုပ်ခဲ့ကြောင်းဆက်လက်ဖော်ပြထားသည်။

https://go.nugmyanmar.org/33f83fa2

33f83fa2
Powered by Go.NUG

၂၀၂၄၊ ဇူလိုင် တတိယပတ် စစ်သတင်း အနှစ်ချုပ်

၂၀၂၄၊ ဇူလိုင် တတိယပတ်အတွင်း မန္တလေးမြို့အနီး စဉ့်ကူးမြို့နှင့် စစ်စခန်းများကို သိမ်းယူနိုင်လိုက်သလို လားရှိုးမြို့တွင်း တိုက်ပွဲများ ပြန်လည် စတင်လာသည်ကို တွေ့ရသည်။

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်ရှိ အယ်လ်ဖာ ဘိလပ်မြေစက်ရုံကို ပြည်သူ့ကာကွယ်ရေး တပ်မတော် (မန္တလေး) က သိမ်းပိုက်နိုင်လိုက်သလို အဆိုပါမြို့နယ်တွင်းရှိ စစ်စခန်းပေါင်း (၂၈) ခုကိုလည်း သိမ်းယူနိုင်ထားသည်။ ထို့ပြင် စဉ့်ကူးမြို့ကိုလည်း ပြည်သူ့ကာကွယ်ရေး တပ်မတော်က ထိန်းချုပ်နိုင်လိုက်ပြီး စစ်သုံ့ပန်းများ ရရှိခဲ့သည်။ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် အနားတွင်ရှိသော မြို့များ၊ စစ်စခန်းများကို ပြည်သူ့ကာကွယ်ရေး တပ်မတော်က သိမ်းယူလျက်ရှိသော်လည်း အကြမ်းဖက် တပ်ဖွဲ့ဝင်များအနေဖြင့် တန်ပြန်တိုက်ခိုက်မှုများ ထိရောက်စွာ မလုပ်ဆောင်နိုင်မှုကို ကြည့်လျှင် စစ်အင်အား မလုံလောက်မှု၊ တိုက်စွမ်းရည် မရှိမှုကို ပြသလျက်ရှိသည်။

စဉ့်ကူးမြို့နယ်၊ ထုံးကြီးရွာ ပျူစောထီး ခေါင်းဆောင် ကျော်စိုး ထွက်ပြေးစဉ် အရှင်ဖမ်းမိခဲ့ပြီး ကျန်ရှိနေသေးသည့် ပျူစောထီး (၄၉) ဦးလည်း မြို့နယ် ပကဖနှင့် ချိတ်ဆက်လက်နက်ချခဲ့သည်။ စစ်တပ်အနေဖြင့် စစ်ရေး ရှုံးနိမ့်မှုများ ရင်ဆိုင်နေရပြီး စစ်သုံ့ပန်း အများအပြား ပေါ်ထွက်လာသလို လက်နက်ချ ပျူစောထီးများလည်း ထွက်ပေါ်လာလျက်ရှိသည်။

တောင်သာမြို့နယ်တွင်လည်း အင်အား (၁၅၀) ခန့်ဖြင့် ဝင်ရောက်လာသည့် ရန်သူ့စစ်ကြောင်းကို မြင်းခြံခရိုင် အမှတ် (၃) တပ်ရင်းက တိုက်ခိုက်ရာ (၃၀) ခန့် သေဆုံးခဲ့သည်။ ပဲခူးတိုင်း၊ မင်းလှ မြို့နယ်တွင် ရိုးမပေါ်သို့ အင်အား (၁၅၀) ခန့်ဖြင့် စစ်ကြောင်းထိုးလာသည်ကို ပြည်သူ့ကာကွယ်ရေး တပ်မတော်က ကြားဖြတ်တိုက်ခိုက်နိုင်ခဲ့သည်။

ကိုးကန့် MNDAA အဖွဲ့၏ တစ်ဖက်သတ် (၄) ရက်ကြာ အပစ်အခတ်ရပ်စဲမှု ပြီးဆုံးသွားသည့် ဇူလိုင် (၁၉) ရက်နေ့မှ စတင်ပြီး အရှေ့မြောက်တိုင်း စစ်ဌာနချုပ် လားရှိုးမြို့တွင် တိုက်ပွဲများ ပြင်းထန်စွာ ပေါ်ပေါက်လျက်ရှိသည်။ လားရှိုးမြို့အဝင် မုန်ဦးအနီးရှိ ခလရ (၄၁) တပ်ရင်းတွင် တိုက်ပွဲများ ပြင်းထန်နေပြီး မြို့တွင်းကိုလည်း တော်လှန်ရေး အင်အားစုများ ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိသည်။

မိုးကုတ်မြို့ အရှေ့ခြမ်းရှိ စစ်စခန်း (၄) ခုကို သိမ်းယူနိုင်ခဲ့ပြီး တစ်မြို့လုံးကို ထိန်းချုပ်နိုင်ရန် စစ်စခန်း (၄) ခု ကို သိမ်းပိုက်ရန် ကျန်ရှိတော့ကြောင်း တအာင်းအမျိုးသား လွတ်မြောက်ရေး တပ်မတော်က ပြောကြားသွားသည်။ ထို့အတွက်ကြောင့် အကြမ်းဖက် စစ်တပ်အနေဖြင့် တိုင်းစစ်ဌာနချုပ် (၂) ဖြစ်သည့် လားရှိုး မြို့နှင့် မန္တလေးမြို့ အနီးတိုက်ပွဲများတွင် အရေးနိမ့်မှုများ ပေါ်ပေါက်နေသည်ကို တွေ့ရသည်။ စစ်တိုင်းဌာနချုပ်များ အနီးတွင် တိုက်ပွဲဖြစ်ပေါ်နေသော်လည်း စစ်ကူနှင့် တန်ပြန်တိုက်ခိုက်မှုများ အချိန်မှီ မလုပ်ဆောင်နိုင်သည်ကို ကြည့်ပါက အကြမ်းဖက်စစ်တပ်တွင် အင်အားမရှိတော့သည်ကို သုံးသပ်နိုင်သည်။

သတင်းများ	သတင်းမှန်
စစ်ကောင်စီလော်ဘီ ကိုသက်တယ်လီဂရမ် ချန်နယ်က အေလာ လေတပ်စခန်း တိုက်ခိုက်ခံရမှု ဖြစ်စဉ်တွင် ပျက်စီးမှုမရှိကြောင်း၊ တိုက်ခိုက်သူများကို ဖမ်းဆီးရမိထားကြောင်းကို သတင်းများအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။	  လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် အေလာလေတပ်စခန်းကို လက်နက်ကြီးနှင့် ပစ်ခတ်တိုက်ခိုက်ခံရသည်ဆိုသည်ကို ဒေသခံများ၏ ပြောကြားချက်များနှင့် ဖော်ပြခဲ့ကြပြီး အေလာလေတပ် အနီး ပန်းတင်ကျေးရွာက လယ်သမားများ၊ မြက်ရိတ်နေသူများကို စစ်ကောင်စီတပ်က ရိုက်နှက်ဖမ်းဆီးသွားကြောင်းနှင့် ယခုအချိန်အထိ အဆက်အသွယ် ပြတ်တောက်နေကြောင်း ဖော်ပြထားကြသည်။ ထို့ပြင် အေလာလေတပ်စခန်း တိုက်ခိုက်မှုဖြစ်စဉ်တွင် စစ်ကောင်စီတပ်ဘက် သေဆုံးမှု များပြားခဲ့သလို တိုက်လေယာဉ်များ ပျက်စီးခဲ့ကြောင်းလည်း ဖော်ပြထားကြသည်။ https://go.nugmyanmar.org/89334647 https://go.nugmyanmar.org/825d4e65 https://go.nugmyanmar.org/lf70fedc https://go.nugmyanmar.org/ed883aa0
စစ်ကောင်စီလော်ဘီ မြဝတီ တယ်လီဂရမ်ချန်နယ်က မကွေးတိုင်း၊ ဂန့်ဂေါမြို့တွင် စစ်ကောင်စီ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူများသေဆုံးဒဏ်ရာရခြင်း မရှိကြောင်း သတင်းများအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။	 လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဂန့်ဂေါမြို့နယ်ရှိ ပြည်သူများ သေဆုံးဒဏ်ရာရခဲ့ကြောင်း ဖော်ပြထားသည်။ https://go.nugmyanmar.org/9ba5f5a0 https://go.nugmyanmar.org/722a9f72

သတင်းမှား	သတင်းမှန်
	rfa လွတ်လပ်တဲ့အာရှအသံ ဂန့်ဂေါမှာ လက်နက်ကြီးကြောင့် နှစ်ဦး သေဆုံး၊ ၁၄ ဦး ဒဏ်ရာရ RFA Burmese 2024.07.15
စစ်ကောင်စီလော်ဘီ နေပြည်တော် တယ်လီဂရမ်ချန်နယ်က TNLA၊ PDF ပူးပေါင်းတပ်များ၏ လက်နက်ကြီးကြောင့် မိုးကုတ်မြို့တွင် သံဃာတော်တစ်ပါး ပျံလွန်တော်မူကြောင်းကို သတင်းမှားအနေဖြင့် ရေးသားဖြန့်ချိလျက်ရှိသည်။	လွတ်လပ်ပြီး ယုံကြည်စိတ်ချရသည့် သတင်းဌာနများတွင် စစ်ကောင်စီတပ်က ပစ်လိုက်သည့် လက်နက်ကြီးက ပန်းချယ်ရီရပ်ကွက်ထဲကို ကျရောက်ပြီး ကလေးငယ်များ အပါအဝင် ၂ ဦး သေဆုံးကာ လေးဦးဒဏ်ရာရရခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။

PVTV ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်လွှင့်သော အပတ်စဉ်သတင်း၊ Fake or Authentic News အစီအစဉ်နှင့် အခြားသောအစီအစဉ်များကို www.youtube.com/@PVTVInternational-myanmar ကို Subscribe ပြုလုပ်၍ ကြည့်ရှုနိုင်ပြီ ဖြစ်ပါသည်။

အပတ်စဉ်သတင်းထုတ်ပြန်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ ဝပ်ဘ်ဆိုက်တွင် Subscribe ပြုလုပ်၍ ရယူနိုင်ပြီဖြစ်ပါသည်။

https://go.nugmyanmar.org/2b103fca

2b103fca
Powered by Go.NUG